ဓမ္မသံတော်ဆင့်စာပေမှ ထုတ်ဝေသည်



(နိုင်ငံရေးအင်တာဗျူးများ – ၂)

# နိုင်ငံရေးအာဂြေ

အုံ့ခေါင်မင်း



ရွှေနီလာစာပေမှ တစ်ပြည်လုံးဖြန့်ချိသည်

# အခန်း (၁)

## အင်တာဗျူး ကောင်း၊ အင်တာဗျူး ဆိုး

မန်မာစာပေလောကမှာ တွေ့ဆုံမေးမြန်းခြင်းအခန်း ဘယ်အချိန် က၊ ဘယ်သူကစပြီး မေးမြန်းတင်ပြခဲ့သလဲဆိုတာကို အတိအကျ မသိရသော်လည်း လွန်ခဲ့သော ဆယ်စုနှစ် (၄)ခု လောက်ကစပြီး စာဖတ်သူတွေ စိတ်ဝင်စားလာကြခြင်း ဖြစ်သည်။ ထိုအချိန်က ဂျာနယ် မရှိသလောက်ရှားပါးပြီး မဂ္ဂဇင်းကလည်း လက်ချိုးရေလို့ရအောင် ထုတ်ခွင့်ပေးသော ကြောင့် ထိုမဂ္ဂဇင်းများ တွင် သာ အင်တာဗျူး များ ကို ဖတ်ခဲ့ရပါသည်။ ဥပမာ-ပေဖူးလွှာမဂ္ဂဇင်း၌ ဆရာဝင်းငြိမ်း အင်တာဗျူး သော စာရေး ဆရာမျာ း အကြောင်းနှင့် စာအုပ်များ အကြောင်းမှာ ပေရှူးလွှာကို စာဖတ်သူများ စိတ်ဝင်စားစေသော ကဏ္ဍ ဖြစ်လာသည်။ စာပေလောကသားများ ၊ အထူးသဖြင့် စာရေး ဆရာကြီးများ ကို တွေ့ဆုံ မေးမြန်းသည့် ပေဖူးလွှာ၏ အင်တာဗျူး များ မှာ စာပေလောကကို လှုပ်ခတ်သော အင်တာဗျူး များ ဖြစ်သည်။ ထို အင်တာဗျူး များ မှာ လည်း ထင်ရှားသည်။

တွေ့ဆုံမေးမြန်းခန်းတွင် Jnterviewer (ခေါ်) မေးမြန်းသူနှင့် Jnterviewe ခေါ် ဖြေကြားသူတို့ကြားအပေးအယူမှုပြီး သဟဇာတ ဖြစ်လျှင် ထို အင်တာဗျူး သည် ထင်ရှားပြီး စာဖတ်သူများ ၊ နားထောင် သူများ နှစ် ခြိုက်သဘောကျလေသည်။ အင်တာဗျူး လုပ်ရာတွင် မေးမြန်းသူက ဖြေကြားသူ၏ အကြောင်းကိုသိရှိအောင် ကြိုး ပမ်းအား ထုတ်ရသည်။

နိုင်ငံရေး သမား ဖြစ်လျှင် သူ့နိုင်ငံရေး နောက်ခံ၊ သူ နိုင်ငံရေး အယူဝါဒ၊ သူ၏ နိုင်ငံရေး လှုပ်ရှားမှု များ ကို သိရှိထားဖို့လိုသည့် စာရေး ဆရာ ဖြစ်လျှင်လည်း သူရေး ခဲ့သော စာအုပ်များ ၊ သူရေး ခဲ့သော စာအုပ်များ ၏ အတွေ းအခေါ်များ ကို မေးမြန်းသူက ဖတ်ရှု့လေ့လာဖို့ အရေး ကြီးပါသည်။ ဖြေကြားသူအကြောင်း နာမည် သိရုံနှင့် အင်တာဗျူး လျှင် အမြီးအမောက်မတည့်ဘဲ အမေးတခြား၊ အဖြေတခြား ဖြစ်သွား တတ်၏ ။

အနုပညာ အင်တာဗျူး တစ်ခု၌ ပင် ဖြေကြားသူမှာ ထင်ရှားသော ၊ လူသိများသော တစ်နည်းပရိသတ်က သဘောကျနှစ် ခြိုက်သော ရုပ် ရှင်မင်းသား၊ မင်းသမီး၊ စာရေးဆရာ၊ အားကစားသမား၊ အဆိုတော် ၊ သီချင်းရေး ဆရာ၊ ဂီတသမားစသည်ဖြင့် ထင်ရှားလျှင် ထင်ရှား သလောက် ပရိသတ်က စိတ်ဝင်စားသလို မေးမြန်းသူကလည်း ထို အနုပညာရှင်၏ ဘဝနှင့် အားထုတ်လုံးပမ်းမှု များ ကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်လျှင် ထို အင်တာဗျူး မှာ နာမည်ကြီးသွားလေသည်။

ကမ္ဘာပေါ်၌ အထင်ရှားဆုံးသော အင်တာဗျူး များ ကို ဖန်တီးခဲ့ သူမှာ CNNရုပ်သံလွှင့်ဌာနမှ လာရီကင်း Larry King ဖြစ်သည်။ လာရီကင်းက သူမေးမြန်းမည့်သူ တစ်ဦးအကြောင်းကို ကြိုတင်၍ လေ့လာသည်။ သူ့တပည့်များ က ထိုပုဂ္ဂိုလ်အကြောင်းကို အသေးစိတ် စာအုပ်များ ဖတ်ကာ လေ့လာစုံစမ်း၏ ။ ထိုအချက်အလက်များ ကို မေးမြန်းမည့်ကင်းထံပေးပို့သည်။ လာရီကင်းက ထိုထဲမှ ပရိသတ် စိတ်ဝင်စားမည့် အချက်များ ကိုထုတ်ကာ မေးမြန်းလေသည်။

မေးမြန်း သည့်အခါ မေးမြန်းမည့် ပုဂ္ဂိုလ်ကို ကြိုတင် ဘာတွေ မေးမည် ကို ယေဘုယျသာပြောပြီး အသေးစိတ်မပြောပေ။ သူက မေးခွန်းများ ကို ဖျတ်ခနဲ ဖြတ်၍ မေးတတ်ပါသည်။ ပွင့်ပွင့်လင်းလင်း အတိအကျ ဖြေနိုင်လျှင် ဖြေသူကိုလည်း ပရိသတ်က ကြိုက်သလို ကတ်သီး ကတ်သတ် မေးတတ်သော သူမှာ လည်း ထင်ရှား သွားပါသည်။ လာရီကင်းသည် ကမ္ဘာတွင် ထင်ရှားသော ၊ အထူးသဖြင့် အမေရိကန် ပြည်ထောင်စုနှင့် ဥရောပမှကျော်ကြားသော သမ္မတများ ၊ ဝန်ကြီး ချုပ်များ ၊ စစ်ဗိုလ်ချုပ်ကြီးများ ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးစသည်တို့ကို နှုက်နှုက်ချွတ်ချွတ် မေးမြန်းခဲ့သူ ဖြစ်ပါသည်။ လာရီကင်းက သူ့ အင်တာဗျူး များ ကို စုပြီးစာအုပ်ထုတ်၏ ။ သူ့စာအုပ်မှာ လည်း ကျော်ကြားပါသည်။

လာရီကင်းလို အင်တာဗျူး များ ကို ဖန်တီးသူမဟုတ်သော် လည်း လူပုဂ္ဂိုလ်တို့၏ အကြောင်းကို ရုပ်မြင်သံကြားတွင် တင်၍ စကားပြော အောင် တစ်နည်းပြောရလျှင် ပြောသင့်သည့်Subject ကိုရွေး၍ တင်ဆက်သူမှာ အော်ပရာဝင်းဖရေး Oprah Wrifren

ဖြစ်သည်။ သူမ၏ Talk Show များ မှာ ထင်ရှားလေသည်။ လူကြိုက်များ ပြီး ထင်ရှားသဖြင့် အော်ပရာဝင်းဖရေး မှာ ရုပ်သံ လောကတွင် Talk Show Host (ခေါ်) စကားပြောကဏ္ဍ တင်ဆက်သူအ ဖြစ် ရုပ်သံ ပရိသတ်အာရုံစိုက်ခြင်းကို အကြီးအကျယ်ခံရပါသည်။ ဝင်းဖရေး မှာ ရုပ်ရှင်ကားများ ၊ တီဗွီဇာတ်လမ်းများ ကို ထုတ်လုပ်သူ ပရိုဂျူဆာ ဖြစ် သလို သူမကိုယ်တိုင်လည်း ရုပ်ရှင် မင်းသမီး ဖြစ်ပါသည်။

သူမသည် Talk Show ၁၉၈၆ခုနှစ် ကတည်းကတင်ဆက်ခဲ့ရာ ပရိသတ် သည် မငြီးမငွေ့နှစ် ခြိုက်စွာ ကြည့်ရှုနားထောင်လေ့ရှိသည်။ Interview (ခေါ်) တွေ့ဆုံမေးမြန်းခန်းမှာ အတ္ထုပ္ပတ္တိလည်း မဟုတ်၊ လူ တစ်ယောက် ၏ အကြောင်းကို သာမန်တင်ဆက်နေခြင်း လည်းမဟုတ် တစ်ဦး၊ တစ်ယောက် ၊ အကြောင်းအရာတစ်ခုကို မေးမြန်း သူက စုံစမ်းလေ့လာနိုင်သလောက် မဖြေဖြေအောင် လှည့်ပတ် မေးမြန်းနိုင်သလောက် ထို အင်တာဗျူး မှာ နာမည် ကြီးသွားလေသည်။

စင်စစ်အားဖြင့် အင်တာဗျူး ကို မေးမြန်းသူမှာ ပင်ပန်းလှပါသည်။ ဥပမာ- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကို အင်တာဗျူး ခွင့်ရတိုင်း သူရဦးရွှေမန်း၏ ဘဝဖြတ်သန်းမှု ၊ သူ၏ သဘောထားအမြင်၊ သူ၏ လုပ်ရှားမှု တို့ကို မလေ့လာဘဲ မေးချင်တိုင်းမေး၍ မ ဖြစ်နိုင်ပေ။ မေးလျှင်လည်း သူဖြေသော အကြောင်းအရာနှင့် သူလိုလားနှစ် ခြိုက် သော အကြောင်းအရာများ ကို မေးနိုင်လျှင် ထို အင်တာဗျူး မှာ ဖတ်သူ အတွက်ရော၊ ဖြေသူအတွက်ပါ အကျိုးရှိလေသည်။ မေးသူနှင့် ဖြေသူခွင့်မကျဘဲ ရန်ဖြစ်နေလျှင် ထို အင်တာဗျူး မှာ ပျက်သွားနိုင်သည်။

ထိုကဲ့သို့ အ ဖြစ်အပျက်များ ကို မဂ္ဂဇင်း အင်တာဗျူး များ ၌ တွေ့ဖူးလေ သည်။ အမျိုးသမီး အယ်ဒီတာလေးတစ်ဦးက မြန်မာ့ဂီတလောကမှ ထင်ရှားသော ရော့ခ်အဆိုတော် တစ်ဦးကို အင်တာဗျူး လေသည်။ အယ်ဒီတာမလေးက ထိုအဆိုတော် ၏ သီချင်းများ ကို နားထောင်ချင် နားထောင်ဖူးပါလိမ့်မည် ။ သို့သော် အယ်ဒီတာမလေးက ''ယခုဆိုခဲ့တဲ့ သီချင်းအပုဒ်ပေါင်း ၁၀ ပုဒ်မှာ ဘယ်သီချင်းကို အကြိုက်ဆုံးလဲ''ဟု မေးမြန်းခဲ့၏ ။ ထိုအခါ အဆိုတော် မှာ တော် တော် လေး စိတ်ပျက်သွား သည်။ ''ကျုပ်ဆိုခဲ့တာ သီချင်းအပုဒ်ပေါင်း

၅၀ ကျော်ပြီဗျ၊ ကျုပ်ဆိုတဲ့ သီချင်းတွေ တောင် မသိဘဲ ဘာလို့ကျုပ်ကို အင်တာလာဗျူး နေတာလဲ" ဟု ပြန်ပြောပါသည်။ မေးခွန်းများ ဆက်မေးသော်လည်း အဆိုတော် က ဘုကလန့်ကျကျသာ ပြန်ဖြေတော့၏ ။ အင်တာဗျူး မှာ လည်း မကောင်း တော့ပေ။

နောက်ထပ်အဆင်မပြေသော အင်တာဗျူး တစ်ခုကိုလည်း ဖတ် ဖူးပါသည်။ မေးမြန်းသူက မဂ္ဂဇင်းအယ်ဒီတာ တစ်ဦး ဖြစ်သလို ဖြေ ကြားသူမှာ လည်း ထင်ရှားသော လူငယ်စာရေး ဆရာ တစ်ဦး ဖြစ်ပါ သည်။ ထိုစာရေး ဆရာမှ ဝတ္ထုလည်းရေး ပြီး လူကြို က်များ သည်။

ယခု ထိုစာရေး ဆရာမှ ကွယ်လွန်သွားပေပြီ။ မေးမြန်းသူက စာရေး ဆရာကြီးများ ဖြစ်သော ရွှေဥဒေါင်း၊ ဒဂုန်တာရာစသော ဆရာကြီး များ ၏ ဝတ္ထုများ အပေါ် ဘယ်လိုမြင်ပါသလဲဟု မေးရာ ထိုစာရေး ဆရာလေးက "ခေတ်မရှိတော့ပါဘူး။ သူတို့စာတွေ လည်း ဘယ်သူ ကမှ မဖတ်တော့ဘူး။ ဒီခေတ်နဲ့လည်း မကိုက်ညီတဲ့စာတွေ ဖြစ်ပါတယ်" ဟု ထိုစာရေး ဆရာကြီးများ ၏ ကျေးဇူးကိုပင် မထောက်ဘဲ ပြစ်ပြစ်နှစ် နှစ် ဖြေကြားသွားသော အင်တာဗျူး မှာ စာပေလောကတွင် မေးသူရော၊ ဖြေသူပါ လက်ညှိုး ထိုးခံရသော အင်တာဗျူး ဖြစ်ခဲ့ပါသည်။ မေးသူ ကလည်း ထိုသို့ မေးလိုက်လျှင် သူ့ အင်တာဗျူး လှုပ်ခတ်သွားမည် ဟု ထင်နေလေသည်။ ဖြေသူကလည်း နာမည် ကြီးဟုဆိုပြီး လည်တွင် ချိတ်ထားသော ရွှေတစ်ပဲသားကို အဟုတ်ကြီး ထင်ကာ မူးမူးရူးရူးနှင့် ပေါက်ကရပြောသွားသည်။ ထိုစာရေး ဆရာလေး မှာ စာပေလောကတွင် လက်ညှိုး ထိုးစရာ၊ အပြစ်တင်စရာ ဖြစ်သွားလေသည်။

ယခုစာအုပ်၏ Jnterviewer ဖြစ်သူ ဆရာအံ့ခေါင်မင်းသည် လူငယ်အယ်ဒီတာတစ်ဦး ဖြစ်သလို ထင်ရှားသော Jnterviewer မေးမြန်းသူတစ်ဦးလည်း ဖြစ်၏ ။ သူမေးမြန်းသော သူများ မှာ အများ အားဖြင့် နိုင်ငံရေး လောကတွင် ထင်ရှားသော သူများ ဖြစ်သည်။ သူ သည် ဖြေကြားသူ၏ အကြောင်းကိုသိအောင်လည်း ကြိုး စား၏ ။

သူမေးချင်သမျှကိုလည်း ရဲရဲရင့်ရင့်မေးမြန်းသူ ဖြစ်ပါသည်။ အင်တာဗျူး တစ်ခုတွင် ရဲရဲရင့်ရင့် မေးမြန်းရမည် ဖြစ်သလို ဖြေသည့်အဖြေဟာ လည်း စာဖတ်သူစိတ်ဝင်စားသည့် အဖြေ ဖြစ်ရပေမည် ။ ဥပမာ ယခု စာအုပ်တွင် မပါသော်လည်း

ဖတ်ဖူးခဲ့သည့် ဆရာအံ့ခေါင်မင်း၏ ကြံ့ခိုင်ရေး ပါတီမှ ဦးအောင်သော င်းနှင့် အင်တာဗျူး တစ်ခုတွင် ဦးအောင်သော င်းကို မေးမြန်းသည့်အခါ (ယခု ဖြစ်နေသော ဘာသာရေး နွယ်သည့် ပဋိပက္ခများ တွင် အန်ကယ်တို့ ပတ်သက်မှု ရှိတယ်ဆိုတာ ဟုတ်ပါသလား)ဆိုသည်ကို ခပ်ရဲရဲမေးလိုက်၏ ။ သာမန်သတင်းထောက် တစ်ယောက် က မေးရဲမည် မဟုတ်ပေ။ ဟံသာဝတီ ဦးဝင်းတင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် လည်း အစိုးရနှင့် ပတ်သက်သော မေးခွန်း များ ကို ခပ်ရဲရဲမေးသလို ဆရာဦးဝင်းတင်ကလည်း ခပ်ပြတ်ပြတ်ဖြေ၏ ။

ဦးမင်းဇင်နှင့် မေးမြန်းရာတွင် ဖြေကြားသွားသော အဖြေများ အနက် ၂၀၁၅ အထိ ဦးသန်းရွှေ အသက်ရှိစေချင်သေးတယ် ဆိုတဲ့အဖြေကို ဘယ်လိုထင်ပါသလဲဟု ခပ်ရဲရဲမေး၏ ။ ဆရာ ဦးဝင်းတင်ကလည်း ကိုမင်းဇင်နှင့် သူ ထိုမေးခွန်းအဖြေပေါ်တွင် အယူအဆချင်း၊ အမြင်ချင်း မတူကြောင်း၊ ဦးသန်းရွှေမရှိလျှင်လည်း အကြောင်းမဟုတ်၊ ဦးသန်းရွှေ ရှိမှ ထိန်းနိုင်မည် ဆိုသည်ကိုလည်း သူဘဝင်မကျဟု ခပ်ရဲရဲခပ်ပြတ်ပြတ် ဖြေသွားခဲ့သည်။

သူ၏ စာနယ်ဇင်းများ တွင် ဖော်ပြခဲ့သော အင်တာဗျူး များ ကို ဖတ်ရှုဖူးသူသည် ဆရာအံ့ခေါင်မင်းမှာ ယနေ့ဂျာနယ်၊ သတင်းစာ များ မှ တွေ့ဆုံမေးမြန်းသူများ ထဲတွင် မေးရဲ၊ မေးတတ်၊ မေးနိုင်သော Interviewer တစ်ယောက် ဖြစ်သည်ကို ငြင်းဆို၍ မရနိုင်ပေ။ သူ၏ မေးခွန်းများ ၊ သူမေးမြန်းပုံနှင့် ပတ်သက်၍ သူ့ကို 'ဖွ'သည် ဟုပင် ပြောပြော၊ ပွဲဆူအောင် လုပ်သည်ဟုပင်ဆိုဆို၊ သူမေးမြန်းခဲ့သူများ နှင့် သူမေးခဲ့သော မေးခွန်းများ မှာ ယနေ့နိုင်ငံရေး လောကတွင် လှုပ်ခတ် စေသော ၊ အနှစ် ပါသော မေးခွန်းများ နှင့် အဖြေများ သာ ဖြစ်သည်။ ထို့ပြင် သူကိုင်တွယ်နေသော မြန်မာသံတော် ဆင့်ဂျာနယ်ရှိ အင်တာဗျူး များ မှာ လည်း ပရိသတ်ကို ဆွဲခေါ်နိုင်သော အဆင့်ရှိသော ကြောင့် ယခု ထက်ပို၍ အနှစ် ပါသော အင်တာဗျူး များ ကို ဖန်တီးနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ထက်မြက်

*

# နိုင်ငံရေး အဖြေ

တွေ့ ဆုံမေးမြန်းသူ (Interviewer )ဆိုတာ စူးစမ်းလေ့လာ၊ စဉ်းစား ထောက်ရှု၊ ဝေဖန်သုံးသပ်၊ ဖော်ထုတ်တင်ပြခြင်း အလုပ်ကို လုပ်တာပါ။

ဒီအလုပ်ကို လုပ်တဲ့အခါမှာ တွေ့ ဆုံမေးမြန်းသူ တစ်ယောက် ဟာ တင်ပြသင့်တဲ့ အကြောင်းအရာတွေ ကို တင်ပြနိုင်ဖို့ ဒီအကြောင်း အရာတွေ က ပုန်းလျှိုးမြှုပ်ကွယ်နေတဲ့အခါမျိုးတွေ မှာ မေးခွန်းတွေ နဲ့ တူး၊ ဆွ၊ ဖွပြီး ပေါ်လွင်လာအောင် ဆောင်ရွက်နေပါတယ်။ကျွန်တော် ရဲ့ သတင်းသမားသက်တမ်းတစ်လျှောက် စရိုက် ဖော်တွေ့ ဆုံမေးမြန်းခန်းများ စွာ ပြုလုပ်ခဲ့ပြီး အဲဒီ တွေ့ ဆုံမေးမြန်းခန်း တွေ ထဲမှာ နိုင်ငံရေး ကိစ္စရပ်တွေ အများ ဆုံးပါဝင်ပါတယ်။

နိုင်ငံရေး ကိစ္စရပ်တွေ ဟာ များ သော အားဖြင့် မြှုပ်ထား၊ ဝှက်ထား၊ ကွယ်ထား တတ်ကြပါတယ်။ နိုင်ငံရေး ကိစ္စတစ်ခုကို သုံးသပ်တဲ့ နေရာမှာ အဲဒီ လတ်တလောအကြောင်းကိစ္စကိုတင်မဟုတ်ဘဲ မြှုပ် ထား၊ ဝှက်ထား၊ ကွယ်ထားတဲ့ ကိစ္စတွေ ကို သိရှိနိုင်မှ မှန်ကန်တဲ့ ရှုမြင်မှု ကို တွေ့ ရမှာ ဖြစ်ပါတယ်။ အဲဒီ လိုမှ မဟုတ်ဘဲ ဖြစ်ပေါ်တဲ့ အကြောင်းအရာလေးတစ်ခုသာ ကြည့်မယ်ဆိုရင်တော့ နိုင်ငံရေး ပရိယာယ်၊ နိုင်ငံရေး ကောက်ကျစ်မှု ၊ နိုင်ငံရေး အစာမကျေမှု ၊ နိုင်ငံ ရေး လမ်းလွဲမှု တွေ နဲ့ နိုင်ငံရေး ဇာတ်ပျက်သာ ဖြစ်သွားနိုင်ပါတယ်။ နိုင်ငံရေး ဆိုတာ အာဏာနဲ့ ဂုဏ်ဒြပ်နဲ့ စည်းစိမ်နဲ့ တို့ထိနေရတာ ဖြစ်တာကြောင့် နိုင်ငံရေး မှာ အန္တရာယ်များ လှပါတယ်။ အာဏာ၊ ဂုဏ်ဒြပ်၊ စည်းစိမ်ရဖို့ ပရိယာယ်၊ ကောက်ကျစ်မှု အမျိုးမျိုး ဖြစ် ပေါ်နိုင်တဲ့ နိုင်ငံရေး မှာ ရှုပ်ကွက်၊ မြှုပ်ကွက်တွေ

ဟာ ခြေချစရာ နေရာမလပ်အောင်လည်း ရှိနေပါတယ်။

ဒီတော့ နိုင်ငံရေး ကိစ္စတစ်ရပ်ကို တင်ပြတဲ့ တွေ့ဆုံမေးမြန်းခန်း တွေ မှာ ဒီရှုပ်ကွက်၊ မြှုပ်ကွက်တွေ ဝှက်ထား၊ ကွယ်ထားတဲ့ အကြောင်းအရာတွေ ကို ပေါ်လွင်လာအောင် တူးရ၊ ဆွရ၊ ဖွရ ပါတော့တယ်။ ဒါမှသာ မှန်ကန်တဲ့ ဝေဖန်သုံးသပ်မှု တွေ ဖြစ်ပေါ်လာ ဖို့ စပ်ဆက်တွေ့ ရှိနိုင်မှာ ပါ။

ဒါကြောင့် ဆရာထက်မြက်ရဲ့ အမှာ စာမှာ ပါရှိသလို ကျွန်တော့် ရဲ့ တွေ့ဆုံမေးမြန်းခန်းတွေ ကို "ဖွ"တယ်၊ "ပွဲဆူ"အောင်လုပ်တယ် လို့ ဆိုကြရင်လည်း ကျွန်တော် ငြင်းပယ်နေမှာ မဟုတ်ပါဘူး။ တွေ့ ဆုံမေးမြန်းသူ တစ်ယောက် အနေနဲ့ ပေါ်လာအောင်၊ ပွလာအောင် တူးရ၊ ဖွရမှာ ပါပဲ။ ဒီလို တူးလို့ ဖွလို့ ပေါ်လာ၊ ပွလာပြီး "ပွဲဆူ" တယ်ဆိုတာဟာ ဘယ်လိုပုံစံမျိုးနဲ့ ပွဲဆူတာလဲလို့ပဲ ကျွန်တော့် အနေနဲ့ ပြန်သုံးသပ်လေ့ရှိပါတယ်။

ဘာကြောင့် လဲဆိုရင် မဟုတ်၊ မမှန်တဲ့ ကိစ္စတစ်ရပ်၊ ပရိယာယ်အသွယ်သွယ်၊ မြှုပ်ကွက် အသွယ်သွယ်နဲ့ ကောက်ကျစ်ထားမှု ၊ လူထုကို လိမ်လည်နေတဲ့ နိုင်ငံရေး ကစားပွဲတစ်ခု ထင်သာ၊ မြင်သာ၊ ပေါ်လွင်လာလို့ ပွဲဆူ တယ်ဆိုရင် ဒါဟာ တွေ့ဆုံမေးမြန်းသူ တစ်ယောက် အနေနဲ့ အဲဒီ လို ပွဲဆူစေအောင် ရည် ရွယ်ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။

ကျွန်တော့် အနေနဲ့ ဒီလိုတွေ တင်ပြနေတာဟာ အယူခံ ဝင်နေတာ မဟုတ်ပါဘူး။ ကျွန်တော့် ရဲ့ ခံယူချက်အရ ကျွန်တော့် ရဲ့ တွေ့ဆုံမေးမြန်း ခန်းတွေ ဟာ နာမည် ကြီးဖို့ ငွေကြေးရဖို့ နိုင်ငံရေး အရ သူတစ်ပါး လက်ကိုင်တုတ်အ ဖြစ် တစ်ဦး တစ်ယောက် ကို အကွက်ဆင် လုပ်ဆောင် ခဲ့တာမျိုးတွေ မဟုတ်တဲ့အတွက် လိပ်ပြာလုံပါတယ်။ ဒီအကြောင်းအရာ တွေ ကို ပြောကြားရတာ ကတော့ "နိုင်ငံရေး အဖြေ"လို့ အမည် ပေးထားတဲ့ ဒီစာအုပ်ထဲမှာ ပါတဲ့ တွေ့ဆုံမေးမြန်းခန်းတွေ နဲ့ ပတ်သက်လို့ စာဖတ်သူ အတွက် ကျွန်တော် ပေးချင်တဲ့ အချက်အလက်တွေ ကို သတိမမူမိမှာ စိုးရိမ်စိတ်ကြောင့် ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှု ကာလရဲ့ ရှုပ်ထွေးပွေလီမှု တွေ နဲ့ မြန်မာ့ဒီမိုကရေစီအရေး တော် ပုံကြီးရဲ့ အောင်မြင်မှု ပန်းတိုင် အလှမ်းကွာဝေးနေဆဲ အခြေအနေ၊ အနာဂတ် မြန်မာ့နိုင်ငံရေး ရဲ့ ပူပင်ကြောင့်ကြ စရာ ကိစ္စရပ်တွေ အတွက် ဒီစာအုပ်မှာ ပါတဲ့ တွေ ့ဆုံ မေးမြန်းခန်း ခြောက်ပုဒ်ကို ဖတ်ရှုနိုင်းယှဉ် ဝေဖန်သုံးသပ်ရင်း စာဖတ် သူတွေ အနေနဲ့ နိုင်ငံရေး အဖြေ ရရှိနိုင်တာကြောင့် ဒီစာအုပ်ကို "နိုင်ငံရေး အဖြေ"လို့ အမည် တပ်လိုက်ခြင်း ဖြစ်ပါတယ်။

ကျွန်တော့် ရဲ့ စရိုက်ဖော်နိုင်ငံရေး တွေ ့ဆုံမေးမြန်းခန်းများ စွာ ထဲကမှ ဒီတွေ ့ဆုံမေးမြန်းခန်း ခြောက်ပုဒ်ကို သီးသန့်ရွေးထုတ်ပြီး စုစည်းဖော်ပြလိုက်ခြင်းဟာ ဒီတွေ ့ဆုံမေးမြန်းခန်း ခြောက်ပုဒ်ကို စုစည်း စစ်ထုတ်လိုက်ရင် မြန်မာ့နိုင်ငံရေး ဆိုတာကို ထင်ရှားစွာ မြင်တွေ ့ နိုင်တယ်လို့ ကျွန်တော့် အနေနဲ့ ခိုင်မာစွာ ယုံကြည်လို့ပါ။

ဒီစာအုပ်နဲ့ ပတ်သက်ရင် ကျေးဇူးတင်ရမယ့်သူတွေ အနေနဲ့ သတင်းမီဒီယာလုပ်ငန်းမှာ ကျွန်တော် လုပ်ချင်တာတွေ ကို စိတ်ကြိုက် လုပ်ခွင့်ပြုထားတဲ့ ဒီစာအုပ်ရဲ့ ထုတ်ဝေသူ ဆရာကျော်စွာ ဝင်း (မြန်မာ သံတော် ဆင့် အပတ်စဉ်သတင်း- အယ်ဒီတာချုပ်)၊ ကျွန်တော့် အပေါ် သတင်းသမား တစ်ယောက် ဖြစ်လာအောင် သွန်သင်ညွှန်ပြပေးခဲ့တဲ့ ကွယ်လွန်သူ အကိုကြီးဦးရဲမြင့်ဦး၊ နိုင်ငံရေး ပရိယာယ်တွေ ၊ လက်ကိုင် တုတ် မီဒီယာတွေ ရဲ့ မျက်နှာဖုံးတွေ ကြား အယူအဆတွေ လုပ်ကိုင် ဆောင်ရွက်မှု တွေ ၊ လမ်းကြောင်းမမှား ရအောင် ဘေးနားကနေ အမြဲမပြတ် ထိန်းသိမ်းပေးနေတဲ့ ဆရာကိုဦးဆွေ၊ နောက်ကျွန်တော့် ရဲ့ တွေ ့ဆုံ မေးမြန်းခန်းတွေ ကိုဖတ်ပြီး ဒီစာအုပ်ထုတ်ဖို့ အကြံပေးတဲ့ ဆရာ မင်းနိုင်စိုး (လူထုပုံရိပ်ဂျာနယ်- အယ်ဒီတာချုပ်)၊ ကျွန်တော် အား ချစ်ခင်စွာ အမှာ စာရေး ပေးတဲ့ ဆရာထက်မြက်နှင့် ဤတွေ ့ဆုံမေးမြန်း ခန်းများ တွင် ဂရုတစိုက် ဖြေကြားပေးခဲ့သည့် ဘဘ ဦးတင်ဦး၊ ဘဘ ဟံသာဝတီ ဦးဝင်းတင်၊ အန်ကယ် ဦးခင်မောင်ကြီး၊ အန်ကယ် ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင်၊ ကိုမင်းဇင် တို့ကို ကျေးဇူး အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

အံ့ခေါင်မင်း

၈-၉-၂၀၁၃

ယုဇနဂနိုင်

*

# အခန်း (၂)



၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်

# ကိုမင်းကိုနိုင် နှင့် [illegible]

ကျွန်တော် တို့ ဘယ်တုန်းကမှ

တိုင်းပြည်ခေါင်းဆောင်

တက်လုပ်ပါ့မယ်လို့

ကြွေးကြော်ခဲ့တာမရှိဘူး ...

ရန်ကုန်၊ ဇန်နဝါရီ ၇

လာမည့် ဇန်နဝါရီ ၁၃ ရက်သည် ၈၈ မျိုး ဆက် ကျောင်း သားခေါင်းဆောင်များ ပြန်လည်လွတ်မြောက်ခြင်း တစ်နှစ် ပြည့် ဖြစ်သည်။ တစ်နှစ် တာအတွင်း ၈၈ မျိုး ဆက်ကျောင်းသားအဖွဲ့ ကြီးအပေါ် ဝေဖန်သံအမျိုး မျိုး ရှိကြရာ ၈၈ မျိုး ဆက်ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုမင်းကိုနိုင်နှင့် စကားပြောကြည့် ခြင်းဖြင့် ယင်းကိစ္စရပ်များ အပေါ် အဖြေရှာကြည့်ခဲ့ပါသည်။

ပြီးခဲ့တဲ့နှစ် ပေါင်း ၂၅ နှစ် အတွင်း ဖြတ်သန်းခဲ့တဲ့ နိုင်ငံရေး ကာလ အပေါ် အစ်ကို့ရဲ့ ရှုမြင်မှု ကို အတိုဆုံး၊အရှင်းဆုံး ဘယ်လိုပြောလို့ရမလဲ။အဲဒါက မေးခွန်းတိုသလောက် အဖြေကကျယ်ပြန့်မှ ဖြစ်လိမ့်မယ် ဗျ။ သဘော ကတော့ ကျွန်တော် က ကျောင်းသား တစ်ယောက် အနေနဲ့ စခဲ့တဲ့ ဇာတ်လမ်းပေါ့ဗျာ။ ဘာနဲ့စတာလဲဆိုတော့ အရှင်းဆုံးပြောရရင် တော့ မခံချင်စိတ်ပဲဗျ။

အနိုင်ကျင့်လွန်းတယ်လို့ ခံစားရတဲ့အခါမှာ အဲလောက်တော့ ခွင့်မပြု နိုင်ဘူးဆိုပြီးတော့ မူလလက်ဟောင်း သမိုင်းကြောင်း ဖြစ်တဲ့ ဒေါင်းအလံကို ကိုင်ပြီးတော့ ကျွန်တော် တို့ ထွက်လာတာပဲ။ အနှစ် အစိတ်ဆိုပေမယ့်လည်း ကျွန်တော် တို့က အထဲမှာ နေရတာ က အနှစ် နှစ် ဆယ်ပါဗျာ။ ဆိုတော့အပြင်က လေးနှစ် ကျော်ကျော် လောက်ပဲရှိတယ်။ ဒီကနေ့အထိ အခြေအနေ ကတော့ ကျွန်တော် တို့ အမြင်က

ပေးဆပ်ခဲ့ရသူတွေ ရဲ့ ဂုဏ်ကျေးဇူးကို ရည် ရွယ်ပြီးတော့ ပြောရမှာ ပေါ့။ သူတို့ရဲ့ ပေးဆပ်မှု တွေ ပေါ့။ အထူးသဖြင့် အသက်တွေ ရော၊ ဘဝတွေ ရော၊ မိသားစုတွေ ရောပေါ့ဗျာ။

ပေးဆပ် ထားသလောက် ထိုက်ထိုက်တန်တန်ရဖို့ လမ်းကိုတော့ ကျွန်တော် တို့ ရအောင်တင်နေပါတယ်။ လိုအပ်ချက်တွေ များ စွာ ရှိတယ်ဆိုတာ သိပါ တယ်။ ဖြတ်သန်းမှု အရပြောရင် တစ်လုံးတစ်ခဲတည်း ကျွန်တော် တို့ ရဖို့ဆိုတာတော့ အ ဖြစ်သင့်ဆုံး ပုံစံရအောင်တော့ ကျွန်တော် တို့ သတိထားတယ်။ ထားတဲ့နေရာမှာ ခံစားချက်ကို ရှေ့တန်းမတင်ဘူး။ ဉာဏ်အမြော်အမြင်ကို ဦးဆောင်စေတဲ့ ပြုမူဆုံးဖြတ်ချက် ဖြစ်အောင် လည်း အမြဲကြိုး စားနေတယ်။

ဒီဖြတ်သန်းခဲ့တဲ့ ၂၅ နှစ် တာကာလအတွင်း မှာ အစ်ကိုတို့ ၈၈ မျိုး ဆက်ကြီးတစ်အုပ်စုလုံးက ဒီသမိုင်းကြောင်းထဲမှာ ဘယ်လောက် အတိုင်းအတာအထိ ပါဝင်ခဲ့လဲ။ ဘယ်လောက်အထိ စွမ်းဆောင် နိုင်ခဲ့လဲ။

ဒါကကျတော့ ကျွန်တော် တို့တွေ က လျှောက်လှမ်းတဲ့ သူတွေ အနေနဲ့ပဲ သွားချင်တယ်။ ဒါကို ခြေရာကောက် ပြီးတော့ သုတေသီတွေ မှတ်တမ်းပြုသူတွေ ကသာ ပြုပါလိမ့်မယ်။ အထူးသဖြင့် ကျွန်တော် တို့ က ကိုယ့်အကြောင်း ကိုယ်မပြောချင်ဘူးဗျာ။ ဒီကနေ့ဒီအချိန် အကြောင်းကြောင်းကြောင့် နာမည် ရေး ထိုးခံရတဲ့ သူတွေ ရှိနေသလို ကျွန်တော် တို့ထက် စွန့်လွှတ်ခဲ့ရပြီးတော့ အညတရဘဝနဲ့ မေးမှိန် နေရတဲ့ သူရဲကောင်းတွေ ရဲ့ အသံတွေ ကို ပိုပြီးတော့ ထုတ်ပေးစေချင် တယ်။ သူတို့ရဲ့ ဘဝတွေ ကို တွေ့ဆုံမေးမြန်းပြီး တင်ပြပေးစေချင် တယ်။ သူတို့ရဲ့ အသံတွေ က အဖိုးတန်ပါလိမ့်မယ်။

၂၅နှစ် ပြီးနောက်ပိုင်း အခုကနေစပြီးပေါ့ အနာဂတ် မြန်မာ့နိုင်ငံ ရေး ကိုရော ဘယ်လိုသုံးသပ်ပေးလို့ရမလဲ။

ကျွန်တော် ပုရောဟိတ် တစ်ယောက် မဟုတ်ဘူးဆိုတာတော့ အရင် ဝန်ခံထားရလိမ့်မယ်။ အတွေ့အကြုံရယ်၊ ကိုယ့်သင်ကြားထားမှု ရယ် ပေါင်းပြီးတော့ ကျွန်တော် ပြောရမှာ ပေါ့။ တစ်ခုပါပဲ။ ကျွန်တော် တို့က အပြုခံစိတ်မျိုး နဲ့ပေါ့။

နောက်ကြောင်းလှည့်သွားမလားဆိုပြီး ပွဲတိုင်းမှာ ထုတ်ခံရတဲ့ မေးခွန်း ဖြစ်နေတယ်ဗျ။ ကျွန်တော့် သဘော ကတော့ အပြုခံစိတ်ကိုရှိခဲ့ရင်လည်း ဖယ်လိုက်ပါ။

ကိုယ်က ပြုသူ ဖြစ်အောင် စိတ်ကိုအရင်မွေးလိုက်ပါ။ ဒါဆိုကျွန်တော် တို့က နိုင်ငံပြုစိတ်ပါရလာလိမ့်မယ်။ နိုင်ငံရေး ဆိုရင် တချို့ က အမျိုး မျိုး ဝေါဟာရ တွေ ဖွင့်ကြပြီးတော့ အဲဒီ အပေါ်မှာ ငြင်းကြ ခုံကြတာတွေ ရှိတယ်ဗျ။ နိုင်ငံပြုရေး ဆိုရင်တော့ နိုင်ငံအသစ်တစ်ခုကို ပြုကြမယ် ဆိုရင်တော့ လူကိုလူချင်း၊ လူ့ဂုဏ်သိက္ခာကို အလေးအနက်ပြုတဲ့ စနစ်မျိုး ၊ နောက် တစ်ပိုင်းက ဖွံ့ဖြိုး တိုးတက်မှု အပိုင်း၊ ရုပ်ဝတ္ထု အပိုင်းလိုပါတယ်။ဒါ ပညာရေး မြင့်တက်ဖို့ ကျန်းမာရေး မြင့်ဖို့ကအစပေါ့။ ဒီလောက်ဆို

ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့

ပြည်သူတွေ ဖြစ်သွားမယ်ဆိုရင်

ရှေ့ကသွားတဲ့လူဖောက်ပြန်မှာ လည်း

မကြောက်ရတော့ဘူး

ဘယ်သူကညံ့လို့

ဒီပွဲရှုံးတယ်ဆိုတာမျိုးလည်း

မ ဖြစ်ရတော့ဘူး . .



**၈၈ မျိုးဆက်ကျောင်းသားအဖွဲ့၏ ၂၀၁၂ ခုနှစ် သင်္ကြန်ကာလတွင်**
**ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှေ့၌ သံချပ်ရွတ်နေကြစဉ်**

နားလည်ပါပြီ။ အဲဒီ အပိုင်းတွေ ကကျတော့ ပညာသည်တွေ ရဲ့ အခန်း ကဏ္ဍ ဖြစ်တယ်။ ပြန်ပြီးတော့ ကျွန်တော် တို့ ကြည့်လိုက်ရင် လွတ် မြောက်ရေး အပိုင်းနဲ့ တည်ဆောက်ရေး အပိုင်း ပြန် ဖြစ်သွားတယ်။ လွတ်မြောက်ရေး အပိုင်းကိုတော့ ကျွန်တော် တို့ စွမ်းသမျှတော့ ကြိုး စား ခဲ့ပြီးပါပြီ။ အခုဟာက ခက်တာက တည်ဆောက်ရေး လုံးလုံးလျားလျား ဆိုတော့လည်း မဟုတ်ဘူး။ ကျွန်တော် တို့ ရှန်းကန်နေရတာ ကျန် သေးတယ်။ ဒါကြောင့် မို့လို့ အသွင်ကူးပြောင်းရေး ကာလလို့ ခေါ်တဲ့အခါ ကျတော့ အကန့်အသတ်တစ်ခုအနေနဲ့ စိတ်ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ အားစိုက်ပြီးတော့ ကျွန်တော် တို့လုပ်နေကြတုန်းပါပဲ။

၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ လွတ်လာပြီး တစ်နှစ် အတွင် :မှာ တချို့ဝေဖန်သံအမျိုးမျိုးလည်းကြားရတယ်။ ပြည်သူတွေ ရဲ့ အားမလိုအားမရ ဖြစ်သံတွေ လည်း ကြားရပါတယ်။ အဲလိုပဲ မျှော် လင့်ချက်တွေ လည်း ကြားရပါတယ်။ ၈၈မျိုးဆက်

ကျောင်းသား ခေါင်းဆောင်တွေ အနေနဲ့ တစ်နှစ် အတွင်း ဘာမှ ထိထိ ရောက်ရောက် မလုပ်နိုင်သေးဘူးလို့ ကြားနေရတဲ့အသံတွေ ကို အစ်ကို့အနေနဲ့ ဘာပြောချင်ပါလဲ ခင်ဗျာ။

ဝေဖန်ခွင့်ဆိုတာ ကတော့ဗျာ ကျွန်တော် တို့တစ်သက်လုံး၊ တစ် ဘဝလုံး၊ ဘဝတွေ ၊ အသက်တွေ ပေးကြပြီးတော့ ရအောင်ကြိုး စား ကြတယ် ဆိုတာ အဲဒီ လိုဝေဖန်ဖို့၊ ကလော်တုတ်ဖို့ ပြောခွင့်တွေ ပေါ့ဗျာ။ အဲဒီ အတွက် ကျွန်တော် တို့ပေးခဲ့ကြတာပါ။ ပြောပါ အားမနာပါနဲ့။ သို့သော် ကိုယ်ကိုယ်တိုင်ရော ဘယ်လောက်စွမ်းဆောင်ကြသလဲ။ ဝိုင်းလုပ်ကြသလဲဆိုတာလည်း လိုပါတယ်။ ဒီလိုပြောလို့ ငါတို့ကဒီလို မဟုတ်ဘူးလေကွာ၊ ဝေဖန်ဖို့သက်သက်ပဲဆိုလည်းရပါတယ်။ ကြိုက် တဲ့အလုပ်ကို ကြိုက်တာလုပ်ကြပါ။ ကျွန်တော့် အနေနဲ့ ကတော့ ကျွန် တော် တို့စွမ်းအားရှိသမျှ ကျွန်တော် တို့လုပ်ပါတယ်။

ကျွန်တော် တို့ တွေ ဟာ မိသားစုတွေ ပြန်မကြည့်နိုင်တဲ့ လူတွေ ၊ မိသားစုတာဝန်မကျေတဲ့လူတွေ အ ဖြစ်လည်း တစ်ဖက်မှာ အပြစ်ရှိသလိုလည်း ခံစား နေရတယ်။ အခုထိပေါ့။ ပြီးတော့ လူ တစ်ယောက် အနေနဲ့ တစ်ဦး ချင်းဘဝအနေနဲ့လည်း မည် မည် ရရ ဘာမှမျှော်လင့်ချက်၊ လူ့ဘဝ အရသာ မရှိသလောက်နည်းပါတယ်။ အခြေအနေတစ်ခုအပေါ်မှာ မကျေနပ်ဘူး၊ အားမရဘူးဆိုရင် ကျွန်တော် တို့ ဘယ်တုန်းကဘာ ဖြစ် အောင် Calandar တစ်ခုနဲ့ပေါ့ဗျာ၊ လုပ်ပေးပါ့မယ်လို့ ကျွန်တော် တို့ ရေရွတ်ခဲ့တာမျိုးတော့ မရှိခဲ့ပါဘူး။ အမှန်ပါ။ တချို့ကဆိုရင် ခင်ဗျား တို့ဗျာ၊ တစ်နေ့ တိုင်းပြည်ခေါင်းဆောင်လုပ်မယ့်လူတွေ ဒီလိုလုပ်ရ သလား၊ ဟိုလိုတွေ ရသလား ပြောတာမျိုးရှိတယ်။ အဲဒါမျိုးဆိုရင် ပြန်ကြည့်ပါ။ ကျွန်တော် တို့ ဘယ်တုန်းကမှ တိုင်းပြည်ခေါင်းဆောင် တက်လုပ်ပါ့မယ်လို့ ကြွေးကြော်ခဲ့တာမရှိဘူး။ ကြုံး ဝါးခဲ့တာမရှိဘူး။

နားလည်ထားဖို့က၊နားလည်စေချင်တာက ကျွန်တော် တို့ဟာ မတရား ဘူးလို့ထင်တဲ့ဟာတွေ ကို တရားမျှတအောင်ကြိုး စားတာ ကျွန်တော် တို့ အခြေခံပါ။ ကျန်တဲ့အဆင့်ဆင့်တွေ ဖြစ်ပေါ်ပြောင်းလဲမှု တွေ ဟာ ကျွန်တော် တို့ချည်းပဲလည်း ကျွန်တော် တို့ဟာ တာဝန်မဲ့တယ်ဆိုပြီး တော့လည်း ခေါင်းရှောင်မှာ မဟုတ်ဘူး။သို့ သော် စွမ်းသမျှ ကျွန်တော် တို့ တတ်စွမ်းခဲ့သမျှ အကောင်းဆုံး ဖြစ်အောင်တော့ ကျွန်တော် တို့ အမြဲကြိုး

စားပါတယ်။ ဒီလိုမှမဟုတ်ရင် ထိုက်သင့်တဲ့၊ သင့်တော် တဲ့ လူပုဂ္ဂိုလ်တွေ ၊ အဖွဲ့အစည်းတွေ ကို ဦးဆောင်ခိုင်းပါ။

လူတိုင်းလုပ်ခွင့် ရှိနေတယ်ဗျာ ကျွန်တော် ပြောချင်တဲ့ သဘော ကတော့ လူတိုင်းလုပ် ခွင့်ရှိနေတယ်။ ကြိုက်တဲ့လူတွေ ပါတီထောင်၊ ကြိုက်တဲ့လူတွေ ဖွဲ့စည်း ရေး ကြ၊ သားကြ၊ ဟောကြ၊ ပြောကြ တစ်ပြည်လုံး လှည့်ကြ။ အကုန်လုံး လုပ်ခွင့်ရှိနေပါလျက်နဲ့ ဒီတစ်စုတစ်ဖွဲ့တည်းကပဲ ဘယ် လောက်မလုပ်နိုင်ဘူးလား၊ လုပ်နိုင်သလားဆိုတဲ့အပေါ်မှာ အာရုံ ကျနေမှုထပ်ပေ့ါ။ ကိုယ်တိုင်လုပ်ယူကြည့်ကြပါ။ တစ်ယောက် ကိုအား မရရင်၊ တစ်စုတစ်ဖွဲ့ကို မကျေလည်ဘူးဆိုရင် အသစ် အသစ်သော ဦးဆောင်မှု အဲဒါတွေ ကိုလည်း ကိုယ်တိုင်ကြိုး စား ကြည့်ကြပါ။

ကောင်းတာ ကတော့ ရွေးချယ်ခွင့်တွေ ရှိနေပါပြီ။ မိမိနှစ်သက် ရာကို ရွေးနိုင်ပါတယ်။ ဝေဖန်တဲ့ခံရလူတွေ ဟာ အသက်တွေ ၊ ဘဝတွေ ရင်းပြီး တော့ ဒီအခွင့်အရေး တွေ ရအောင် တိုက်ခဲ့ကြတာ ဖြစ်တဲ့အတွက်ကြောင့် အားမနာတမ်း ဆက်ပြီးတော့ ဝေဖန်ကြပါ။

အခုအစ်ကိုပြောသလိုပေ့ါ။ အစ်ကိုတို့အနေနဲ့လည်း အသက် တွေ ၊ ဘဝတွေ ပေးရလောက်တဲ့အထိ လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အခါ ပြည်သူလူထုက အစ်ကိုတို့တွေ အပေါ်အမြင်ပေ့ါ၊ အရမ်းကိုမျှော်လင့် အားထားကြတယ်။ တခြားဘယ်သူတွေ နဲ့မှမတူတဲ့ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု ကို ရခဲ့ကြတယ်ပေ့ါနော်။ အဲဒီ အချိန်မှာ အခုပြည်သူ က အားမလို အားမရ ဖြစ်နေတာမျိုးဆိုရင် အစ်ကိုတို့အနေနဲ့ ။

ကျွန်တော် ကဒီလိုဗျ။ မျှော်လင့်အားထားတယ်ဆိုတာမျိုးကို ပြန် စဉ်းစားစေချင်တယ်။ ဘာ ဖြစ်လို့လဲ၊ လူဆိုတာ အင်အားကုန်တတ်တဲ့ သတ္တဝါ၊ ဖောက်ပြန်တတ်တဲ့သတ္တဝါဗျ။ ဒီကနေ့ထိ ကျွန်တော် ဟာ အကောင်းဆုံးကြိုး စားနေပေမယ့် ခင်ဗျားနဲ့ပြောပြီးသွားရင် ကျွန်တော် ဟာ ဖောက်ပြန်ရင် ဖောက်ပြန်သွားလိမ့်မယ်။

အဲဒီ တော့ ဒီတစ်စု အပေါ်မှာ ရော၊ တစ်ယောက် အပေါ်မှာ ရော

အားထားတယ်ဆိုတာ မျိုးထက် ငါတို့ကိုယ်တိုင်ဖန်တီးလို့ လမ်းစတွေ ပေါ်လာပြီ။ ငါတို့ကိုယ်တိုင်ဖန်တီးကြမယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ်အားကိုးတဲ့ ပြည်သူတွေ ဖြစ် သွားမယ်ဆိုရင် ရှေ့ကသွားတဲ့လူဖောက်ပြန်မှာ လည်း မကြောက်ရ တော့ဘူး။ ဘယ်သူကညွှဲလို့ ဒီပွဲရှုံးတယ်ဆိုတာမျိုးလည်းမ ဖြစ်ရ တော့ဘူးပေ့ါ။ တကယ်တော့ အခုဆိုရင်အသင်းအဖွဲ့တွေ အပြိုင်း အရိုင်း ထောင်လာကြပါပြီ။ အဲဒါတွေ အကုန်လုံးဟာ အခြေအနေတစ် ရပ်ပါ။ အဲဒီ အခြေအနေအပေါ်မှာ ပဲ အားကိုးတယ်၊ အားထားတယ် ဆိုတာမျိုး၊ အမှီပြုတဲ့ သဘောမျိုး ရောက်သွားမှာ စိုးရိမ်တယ်ဗျ။

ဘာ ဖြစ်လို့လဲဆိုတော့ အခြေအနေဟာ။ ကိုယ်တိုင်လုပ်ကြ၊ ကိုင်ကြ လို့ရပြီ။ အဲဒီ အခါမျိုးမှာ ကိုယ်တိုင်လုပ်ကြကိုင်ကြတာ ကောင်းပါတယ်။ ဘာလိုမလဲဆိုရင် နည်းနာတွေ ရှိပါတယ်။ ဥပမာ- ကိုယ့်မြို့ ကိုယ့်ရွာကို ကိုယ့်ခြေ၊ ကိုယ့်လက် ဖြစ်အောင်လုပ်ဖို့ ကျွန်တော် တို့လိုက်လုပ်စရာ မလိုတော့ဘူး။ အဲဒီ မြို့ မိမြို့ ဖတွေ ၊ မျိုးဆက်အဟောင်းတွေ တွဲ ပြီး တော့ ကိုယ့်မြို့ ကိုယ့်ရွာရဲ့ ကောင်းကျိုးကို တကယ်လုပ်နိုင်ပြီ။ လုပ်နိုင်တယ်ဆိုတာက ရိုးရိုးလေးပါ။ ပညာရေး ၊ ကျန်းမာရေး အခြေခံတွေ မှာ တာဝန်ယူလိုက်ကြတယ်။ ပရဟိတအသင်းတွေ ပေါင်းလိုက်တယ်။

အဲဒီ မြို့ ရဲ့ အုပ်ချုပ်ရေး တို့၊ စည်ပင်သာယာရေး တို့၊ ထွေအုပ်တို့ဟာ ဘာလုပ်ချင်လုပ်ချင် အဲဒီ မြို့ သူမြို့ သားတွေ ကို မတိုင်ပင်ဘဲနဲ့ လုပ်လို့မရအောင်၊ ကိုယ့်ဘက်က အင်အားကြီးအောင် ပြည်သူတွေ က လုပ်လိုက်မယ်။ တစ်မြို့ လုံးဟာ ဒီအင်အားကြီးကို လက်တွဲ ဖို့ပဲ စိတ်က စိတ်ဆန္ဒရှိကြမယ်။ ဘာ ဖြစ်လို့လဲ အများ အတွက်လုပ်တဲ့ အင်အားစုတွေ က ဒီမှာ ကွလို့။ အဲဒါကျတော့ လစာပေးပြီးတော့ ဖြစ်နေတဲ့ဝန်ထမ်းတွေ ဖြစ်တဲ့ အုပ်ချုပ်ရေး ပိုင်းတို့၊ စည်ပင်သာယာရေး ပိုင်း တို့ဟာ ငါတို့ဒီမြို့ ကိုတော့ လုပ်ချင်တိုင်းလုပ်လို့ မရတော့ပါလား။

ဒီမြို့ မိမြို့ ဖနဲ့ ဒီမြို့ သူမြို့ သားတွေ ဟာ သူတို့ဖန်တီးနိုင်စွမ်းမှာ ပဲ ပူးပေါင်း ကြရမယ်ဆိုတဲ့ အခြေအနေရောက်လာရင် တစ်မြို့ ချင်း၊ တစ်မြို့ ချင်း ကျွန်တော် တို့ပြည်သူတွေ က ပိုင်သွားပြီ။ တစ်မြို့ ချင်းပိုင်ပြီးရင် တစ် နယ်ချင်း၊ တိုင်းချင်းပါသွားပြီးရင်

ပြည်ထောင်စုတစ်ခုလုံးဟာ ကျွန် တော် တို့ပြည်သူတွေ လက်ထဲရောက်သွားလိမ့်မယ်။ အဲဒါပါပဲ။ ကိုယ် တိုင်လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိတဲ့အချိန်မှာ ကျွန်တော် တို့ ပြည်သူ တွေ တစ်မြို့ ချင်းပိုင်အောင်သာလုပ်ပါ။ အဲဒီ ခါကျရင် နောက်နောင် ဘယ်သူ့ကို အားကိုးမယ်တို့ ဘယ်ဝါ့ကို မျှော်လင့်မယ် ဆိုတာတွေ ဟာ တဖြည်းဖြည်း နောက်တန်းကို ရောက် သွားပါလိမ့်မယ်။

အစ်ကိုတို့ အခုပွင့်လင်း လူ့အဖွဲ့အစည်း ဆောင်ရွက်နေတာတွေ ရှိတယ်။ တချို့ နိုင်ငံတွေ မှာ ပွင့်လင်းလူ့အဖွဲ့အစည်း တကယ်ကို အား ကောင်းမောင်းသန်တွေ ရှိပါတယ်။ ဒါပေမဲ့ ပွင့်လင်းလူ့အဖွဲ့အစည်း တွေ အများ အပြားရှိပေမယ့် ဒီအဖွဲ့အစည်းတွေ ဟာ အစိုးရကခွင့်ပြုတဲ့ ဘောင်ထဲကပဲ လုပ်ခွင့်ရတဲ့နိုင်ငံတွေ လည်းရှိနေတယ်။ ဒီတော့ အခု အစ်ကိုတို့ ပွင့်လင်း လူ့အဖွဲ့အစည်းလုပ်ဆောင်မှု ဟာ တကယ်ရော ရေရှည်လုပ်ခွင့်ရပါ့မလား။ ဒါမှမဟုတ် အစိုးရရဲ့ လုပ်ပိုင်ခွင့်ပေးတဲ့ ဘောင်ထဲက ပွင့်လင်းလူ့အဖွဲ့အစည်းတွေ ပဲ ဖြစ်လာမလား။

ဒါက အမြဲစဉ်းစားသင့်ပါတယ်။ သတိလည်းထားသင့်ပါတယ်။ တစ်ခုပဲရှိပါတယ်။ အဲဒါမျိုး မလုပ်ချင်ရင် ဘယ်လိုလုပ်ချင်လဲပေါ့။ ဆိုလိုတာက သူပေးသနားတော် မူသလောက်နဲ့ ကျေနပ်နေမယ်ဆိုရင် ဒီအခြေအနေလည်း ရောက်မလာဘူး။ လူတွေ ရဲ့ အစဉ်အလာကို ကျွန်တော် ကြည့်စေချင်တယ်ဗျ။ အစဉ်အလာဟာ ဒီလူတွေ တစ်နှစ် ၊ နှစ် နှစ် လည်း မဟုတ်ဘူး။

အနှစ် နှစ် ဆယ်ကျော်ပြီဗျ။ အဲဒီ တော့ အနှစ် နှစ် ဆယ်ကျော်ပြီဆိုတော့ ဒီလူတွေ ဟာ ဘဝရှင်မင်းတရားကြီး ပေးသနားတော် မူသလောက်ပဲ လုပ်ခဲ့တဲ့ သူတွေ လား။ ဒီလိုပဲ ဆက် သွားမလား။ ဒါဆိုရင် တော် တော် လုံလောက်ပြီလို့ ကျွန်တော် ထင်တယ် ဗျ။ နည်းပရိယာယ်ဆိုတာက သူ့ဘက်၊ ကိုယ့်ဘက် ချကြတာချည်းပဲ။ အဲဒီ တော့ ကျွန်တော် ကတော့ လူတွေ ကို သူ့သမိုင်းကြောင်းနဲ့ပဲ ကြည့် စေချင်တယ်ဗျ။

ဒီ လူတွေ ဟာ သူများ ပေးသလောက်ထဲမှာ ပဲပျော် ပြီးတော့နေခဲ့သလား။ ဒါဆိုရင် အဖြေပေါ်ပြီလို့ပဲ ကျွန်တော် ထင်တယ်။ ကျွန်တော် တို့က ဘောလုံးပွဲလို

လေးတစ်နဲ့ကစားမယ်တို့၊ လေးသုံးသုံး နဲ့ ကစားမယ်တို့ မပြောချင်ဘူး။ ကျွန်တော် တို့ ဖြတ်သန်းခဲ့တဲ့အပေါ်မှာ ကျွန်တော် တို့ နားလည်ထားတာက အရင်ဆုံးကျွန်တော် တို့ အား ကောင်းအောင်လုပ်ဖို့လိုတယ်။ အားကောင်းမှ အမှန်တရားကအောင် ပွဲခံမှာ ပေါ့။ အမှန်တရားက တစ်နေ့တော့ မုချအောင်ပွဲခံမှာ ။

ဒါတော့ သေချာတယ်။ ကြာမယ်ဗျ။ မကြာအောင် ဘယ်လိုလုပ်မလဲ အရင်ဆုံးအားရှိအောင်လုပ်ဖို့လိုမယ်။ အားရှိတဲ့အချိန်မှာ ကျွန်တော် တို့ နောက် ထပ်တက်ရမယ့် အဆင့်တွေ အများ ကြီးရှိတယ်။ ခုနပြောသလို တည့်တည့်ပြောရရင် အာဏာရှင် ပေးသနားသလောက်ပဲ ယူပြီးတော့ နေမယ့် လူတွေ လားဆိုတာ ကိုယ်စီကိုယ်စီ သမိုင်းကြောင်းကိုသာ ကြည့်ကြပါ။

အစ်ကိုတို့ မနှစ် ကလွတ်မြောက်လာတဲ့အခါမှာ ပြီးခဲ့တဲ့ ဧပြီကြား ဖြတ်ရွေးကောက်ပွဲကို မစဉ်းစားတော့ဘူး။ လာမယ့် ၂၀၁၅ရွေးကောက် ပွဲကို စဉ်းစားမယ်လို့ ပြောထားတာရှိပါတယ်။ အခုအချိန်မှာ ၂၀၁၅ ရွေးကောက်ပွဲအတွက် အစ်ကိုတို့ စဉ်းစားပြီလား။

၂၀၁၅ကိုပြောရတာ ကလည်း ကျွန်တော် တို့အတွက်က ပန်းတိုင် မဟုတ်ဘူးဗျ။ ဒီနှစ် သက္ကရာဇ်တွေ ၊ ရွေးကောက်ပွဲတွေ ဆိုတာ။ သူက ဖြတ်သန်းသွားရမယ့် မှတ်တိုင်ပဲ ဖြစ်လိမ့်မယ်။ အဲဒီ တော့ ကျွန်တော် တို့ရဲ့ ရေရှည်မျှော်မှန်းချက်က ကျွန်တော် တို့ မရှိတော့တဲ့ အချိန်တွေ ၊ ကမ္ဘာတည်သရွေ့ပေါ့။ အဲဒီ အထိ ကျွန်တော် တို့ စဉ်းစားတယ်။ ကျွန်တော် တို့ ဖြတ်သန်းသွားရမယ့် မှတ်တိုင်တစ်ခုကိုတော့ သူနဲ့ ထိုက်တန်တဲ့ ပြင်ဆင်မှု တွေ ကတော့ ရှိရမှာ ပေါ့။

ဒါဆို ဘယ်လိုဖြတ်သန်းဖို့ ပြင်ဆင်ထားပါသလဲ။

အဲ ဒီ မှာ နှစ် မျိုးရှိတယ်လေ။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အား ကောင်းမောင်းသန်လေ့ကျင့်ရင်း ကျင့်ဝတ်တွေ ကို နှိုးဆော်ရင်းသွားရ မယ့် အင်အားစုတွေ က ရှိကိုရှိရမယ်။ နောင်ကိုလိုအပ်တယ်ထင်ရင် ရွေးကောက်ပွဲတို့၊ ဘာတို့ ပါတီနဲ့

လုပ်ရတဲ့နိုင်ငံရေး ကို အားဖြည့်မယ့် သူတွေ လည်း ဖြည့်ကြပေါ့ဗျာ။ ကျွန်တော် တို့က လိုအပ်ချက်တွေ ကိုလည်း ဖြည့်ကြရမှာ ကိုး။ ယေဘုယျအားဖြင့် ပြောရင် ရွေးကောက်

အာဏာရှင်ပေးသနားသလောက်ပဲ

ယူပြီးတော့နေမယ့်

လူတွေ လားဆိုတာ

ကိုယ်စီကိုယ်စီသမိုင်းကြောင်း

ကိုသာ ကြည့်ကြပါ . . .



လက်ပံတောင်းတောင် ဆန္ဒပြမှုတွင် အကြမ်းဖက် နှိမ်နင်းခံခဲ့ရသော မီးလောင်ဒဏ်ရာရ သံဃာများကို ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ မုံရွာ ပြည်သူ့ဆေးရုံကြီးတွင် သွားရောက် ကြည့်ရှုအားပေးစဉ်

အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တယ်

ဆိုရာမှာ ဒီမိုကရေစီအစစ်ရဖို့

ပူးပေါင်းဆောင်ရွက်တာမျိုးတော့

ရှိရမှာ ပေါ့

အစိုးရနဲ့ပေါင်းစားတာမျိုး

မ ဖြစ်ဖို့ဘဲ အရေး ကြီးတာ . . .



၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းတို့ ရန်ကုန်မြို့ လွှတ်တော်ရုံးခွဲ၌ တွေ့ဆုံစဉ်

ပွဲအကြောင်းကို လူတွေ အာရုံရောက်သွားတဲ့အခါ ကျွန်တော် စိုးရိမ် တာတွေ ရှိတယ်။ ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြမယ်ဆိုရင် ရွေးကောက်ပွဲနဲ့ လုံလောက်မယ်ဆိုရင် ၁၉၉၀ ကတည်းက ပြီးပြီပေါ့။ အဲဒီ လောက်ပဲ ကျွန်တော် ပြောချင်ပါတယ်။

အစ်ကို့အနေနဲ့ရော ဒါမှမဟုတ် အစ်ကိုတို့အဖွဲ့ အနေနဲ့ရော ဒီ ၂၀၁၅ အတွက်ရော နိုင်ငံရေး ပါတီထူထောင်ဖို့ရှိလား။ ဒါက လူတိုင်း သိချင်နေတဲ့ မေးခွန်းထင်ပါတယ်။

ကျွန်တော့် အကြောင်းလည်း ဒီ လောက်ဆိုရင် တော် တော် များများ

သိမယ်ထင်ပါတယ်။ အနုပညာက ကျွန်တော် လာတယ်။ ပန်းချီ ဆေးကွက်တွေ ၊ တူရိယာတွေ ကြားထဲက ကျွန်တော် လာတယ်။ စာအုပ် ပုံတွေ ကြားထဲမှာ ကျွန်တော် ပျော်တယ်ပေ့ါ။

လူတွေ ကြားထဲမှာ ကျွန်တော် လျှောက်သွားနေရရင် စိတ်ချမ်းသာတယ်လို့ ကျွန်တော် ခံစားရတယ်။ ဒီလောက်ဆိုရင် ကျွန်တော့် တစ်ဦးတည်း ကိစ္စ ကတော့ ပြတ်သလောက်ရှိ သွားပါပြီ။ ကျန်တာတွေ က တစ်ဦးချင်းစဉ်းစားကြ ရမှာ ပေ့ါ။ စိတ်တူတဲ့လူတွေ ဖွဲ့ပြီးတော့ လုပ်ကြပါလိမ့်မယ်။

အစ်ကိုတို့အဖွဲ့မှာ ပွင့်လင်းလူ့အဖွဲ့အစည်းအနေနဲ့ သွားချင်တဲ့ အုပ်စု။ အဲဒီ လိုပဲ နိုင်ငံရေး ပါတီအနေနဲ့ သွားချင်တဲ့ အုပ်စုရှိနေတယ်လို့ ယူဆလို့ရမလား။

အဲ ဒီ လိုမျိုးကျွန်တော် မဆိုလိုပါဘူး။ အုပ်စုမျိုးတော့ ကျွန်တော် တို့ မပြောပါဘူး။ အယူအဆအရ အင်အားဖြန့်ကျက်ဖို့ လိုတယ်ဆို ဖြန့် ကျက်ပေ့ါ။ ဘယ်သူတွေ က ဘာကိုရည်ရွယ်နေတယ်ဆိုတာ ကျွန်တော် ပြောခွင့်လည်းမရှိဘူး။ အဲဒီ လိုမျိုး ကျွန်တော် အဓိပ္ပာယ်မသက်ရောက် စေရဘူး။ လိုအပ်ရင် အင်အားတွေ ဖြန့်ကြပေ့ါ။

အစ်ကိုတို့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့အနေနဲ့ အခုလွတ်လာ ပြီး တစ်နှစ် အတွင်း ဆောင်ရွက်မှု တွေ မှာ အစိုးရနဲ့ ပူးပေါင်းဆောင် ရွက်တာမျိုးတွေ တွေ့ရတယ်။ ဒါတွေ ဟာ အစ်ကိုတို့အနေနဲ့ ပြုပြင် ပြောင်းလဲရေး ကို အတူလုပ်တာမျိုးလား။ ဒါမှမဟုတ်ရင် အစိုးရနဲ့ ဘယ်လိုပုံစံ ပူးပေါင်းတာလဲ။

ကျွန်တော် တို့ယုံကြည်ရာကို ကျွန်တော် တို့လုပ်တယ်။ လုပ်တယ် ဆိုတာ လူ့အစွဲအလမ်းတော့ မရှိဘူးဗျ။ ဘာ ဖြစ်လို့ဆို ကျွန်တော် တို့ကို ထောင်ထဲမှာ နှိပ်စက်ခဲ့တယ်။ မိသားစုတွေ နဲ့တောင် အဆက် အသွယ်မပေးခဲ့ဘူး။ လူလူချင်းတော် တော် နှိပ်စက်တယ်ဗျ။ ကျွန်တော် တော့ မပြောချင်ဘူး။ အဲဒီ လူတွေ ထောင်ထဲမှာ ပြန်တွေ့တယ် အကျဉ်းသားဘဝနဲ့ပြန်တွေ့တယ်။ ကျွန်တော့် မှာ ရှိတဲ့ အကောင်းဆုံး တွေ ကို သူတို့စားဖို့ ကျွန်တော် ပေးနိုင်တယ်။ ကျွန်တော် တို့ရဲ့ သဘော ထားတွေ က အဲဒီ လိုရှိတယ်ဗျ။

ကျန်တာတွေ သိပ်မစဉ်းစားဘူးဗျ။ ဆိုလိုတာက တရားမျှတမှု အတွက်

ကိုယ်ဘာလုပ်နိုင်မလဲ။ လူတွေ ရဲ့ မူလလွတ်လပ်ခွင့်အတွက် ကိုယ်ဘာလုပ်နိုင်မလဲပေါ့။ ကျွန်လိုမနေချင် ဘူးဗျာ။ ကျွန်လိုမနေချင်တဲ့အတွက် လွတ်မြောက်ရာလွတ်မြောက်ကြောင်းရှာတယ်ပေါ့။ ငါးဖြာအာရုံနဲ့တော့ ကျွန်တော် တို့ကို ဖြား ယောင်းလို့တော့ ကျွန်တော်တို့ဒီလောက်ဖြတ်သန်းမှု နဲ့တော့ ဘာမှ လွမ်း လောက်စရာ မရှိဘူးဗျ။ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တယ် ဆိုရာမှာ ဒီမိုကရေစီအစစ်ရဖို့ ပူးပေါင်းဆောင်ရွက်တာမျိုးတော့ (အမျိုးသား ပြန်လည်သင့်မြတ်ရေး နဲ့အတူ) ရှိရမှာ ပေ့ါ။ အစိုးရနဲ့ ပေါင်း စားတာမျိုး မဖြစ်ဖို့ဘဲ အရေး ကြီးတာပေ့ါ။

နိုင်ငံရေး မှာ အာဏာရယူပြီးမှ လူထုအကျိုး ပြုလုပ်ရမယ်လို့ ဒေါ်အောင်ဆန်းစုကြည် ပြောတာတွေ ရှိတယ်။ အစ်ကိုတို့အနေနဲ့ရော အဲဒီ လို အာဏာရယူပြီး ဆောင်ရွက်ဖို့ရှိလား။

နိုင်ငံရေး ပါတီထောင်ပြီးတော့ အာဏာရယူပြီးတော့ တိုင်းပြည်ကို ကောင်းအောင်လုပ်သွားခဲ့တဲ့ သူတွေ ရှိသလို နိုင်ငံရေး ပါတီလည်း မထောင်ဘူး။ အာဏာလည်းမယူဘူး။ ပြည်သူနဲ့အတူ တစ်ယောက် နဲ့ တစ်ယောက် နဲ့ အပြန်အလှန်ယုံကြည်တဲ့ သြဇာနဲ့ခေတ်ကောင်းစနစ် ကောင်းရောက်အောင်ပေါင်းပြီး ပံ့ပိုးခဲ့တဲ့လူတွေ လည်း ရှိပါတယ်။ ကျွန်တော် တို့က ဘာ ဖြစ်လို့ အဲဒီ နိုင်ငံရေး အာဏာကိုယူတဲ့နည်းကို ပဲလာပြီးတော့ မေးခွန်းထုတ်နေရတယ်ဆိုတာ စဉ်းစားလို့မရဘူး။

နည်းလမ်းတွေ မှာ ကိုယ်သင့်တော် မယ်ထင်တဲ့ နည်းလမ်းကို ရွေးကြ တာ ရွေးခွင့်လည်းရှိတယ်။ အဲဒီ လို ယူပြီးလုပ်မယ့် လူလည်း ရှိရ မယ်။ မရှိလို့မရဘူး။ ဒီမိုကရေစီသမားအစစ်တွေ ဟာ အာဏာရ အောင် ရိုးရိုးသားသားကြိုး စားပြီးတော့ တိုင်းပြည်ကောင်းအောင် လုပ်ရမယ်။ ဒါပေမဲ့ အဲ ဒီ နည်းနဲ့မဟုတ်ဘဲ တခြားနည်းနဲ့ လုပ်မယ် ဆိုတဲ့ လူတွေ ကိုတော့ နားလည်မှု ရှိရမယ်ဗျ။

နောက်ဆုံးမေးခွန်း မေးပါရစေခင်ဗျ၊ မင်းကိုနိုင်ဆိုတဲ့ လူတစ်ဦး အပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။ ဥပမာ ကျောင်းသား တစ်ယောက် လား၊ နိုင်ငံရေး သမား တစ်ယောက် လား၊ အနုပညာရှင် တစ်ယောက် လား။

ကျွန်တော် အနုပညာကို ချစ်မြတ်နိုးတဲ့သူ တစ်ယောက် ပါ။ ဒါပေမဲ့ တော်လှန်ရေး ဆန်တဲ့ အလုပ်တွေ လည်း လုပ်ခဲ့ရကောင်း လုပ်ခဲ့ရပါ လိမ့်မယ်။ အဲဒီ တော့ ကျွန်တော် က လွတ်မြောက်ရေး မှာ နိုင်သလောက် ပါခဲ့တဲ့ အနုပညာချစ်သူ တစ်ယောက် အနေနဲ့ပဲ ကျွန်တော့် ဘဝလက် ကျန်ကို ကျေကျေနပ်နပ် ဖြတ်သန်းချင်တယ်။

အခုလိုအချိန်ပေးဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မြန်မာသံတော် ဆင့်အပတ်စဉ်သတင်း အတွဲ (၁) အမှတ်(၄၄)

*